# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 8 , 2022 Volume 58, Number 6

၈.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပခုက္ကူသီးနှံဈေးကွက်အတွင်း ယောဒေသထွက်နှမ်းများဝင်ရောက်နေပြီး ကြက်သွန်နီဈေးနှုန်း ထပ်မံမြင့်တက်



https://news-eleven.com/article/237010

ပခုက္ကူ သီးနှံဈေးကွက်အတွင်း ယခုစက်တင်ဘာလဆန်းမှစ၍ ယောဒေသထွက်နှမ်းများ ဝင်ရောက်နေပြီး ယောနှမ်းဝါတစ်တင်း ကျပ် ၈၂၀၀၀ နှင့် နှမ်းနက်တစ်တင်း ၆၀၀၀၀ မှ ကျပ် ၈၀၀၀၀ ဝန်းကျင်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ယောဒေသထွက်နှမ်းများအား ရန်ကုန်နှင့်မန္တလေးဝယ်လက်များ အဓိကဝယ်ယူနေပြီး ယခုနှစ်ပေါ်စဈေးမှာ ယခင်နှစ်များထက် ဈေးနှုန်းမြင့်မားသော်လည်း စိုက်ပျိုးစရိတ်အရင်းအနှီးလည်း များပြားကြောင်း တောင်သူများထံမှသိရသည်။

"ယောနှမ်းက နှမ်းနက်လည်းဝင်တယ်။ နှမ်းဝါတွေလည်း ဝင်တယ်။ နှမ်းနက်အဟောင်းက တစ်တင်းကို ကျပ် ၉၅၀၀၀ ကနေ ၉၈၀၀၀ ဝန်းကျင်ထိရှိတယ်။ အသစ်ကတော့ အဲဒီထက် နည်းနည်းဈေးလျော့တယ်။ နှမ်းဝါက တစ်တင်း ကျပ် ၈၂၀၀၀ ဖြစ်သွားတယ်။ အရင်ရက်ထက် ဈေးနည်းနည်းပြန်ကျတယ်။ အဝယ်ကတော့ ပုံမှန်ဝယ်လက်တွေ မှန်မှန်လေးဝယ်နေပါတယ်" ဟု ပခုက္ကူမြို့မှ သီးနှံရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယောချောင်းတစ်ဝိုက်မှ ထွက်ရှိသည့် ကြက်သွန်နီများ ဝင်ရောက်မှုနည်းပါးသွားပြီး တစ်ပိဿာ ကျပ် ၁၀၀ ခန့် ဈေးနှုန်းထပ်မံမြင့်တက်လာကြောင်း ကုန်သည်များထံမှသိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ မြင်းခြံနှင့်တောင်သာနယ်များမှ ကြက်သွန်များပါဝင်ရောက်နေပြီး စက်တင်ဘာလ ၇ ရက်နေ့ဈေးကွက်တွင် ဂွန်သေးတစ်ပိဿာ ၁၉၀၀–၂၃၀၀ ကျပ် ၊ ဂွန်လတ်တစ်ပိဿာ ၂၄၀၀–၂၈၀၀ ကျပ်နှင့် ဂွန်ကြီးတစ်ပိဿာ ၂၉၀၀ – ၃၃၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီနေ့ ပိဿာချိန် နှစ်သောင်းနီးပါးလောက်ပဲ ဝင်တယ်။ ယောချောင်း ကြက်သွန်က အတော်နည်းသွားပြီ။ တောင်ဖက်နယ်တွေက လာရောင်းနေကြတာ။ ယောချောင်း ကြက်သွန်က အထွက်နည်းတာရော နယ်မြေမအေးချမ်းလို့ လာမရောင်းနိုင်တာရော အတော်များများလည်း ရောင်းပြီးတာရောကြောင့် အဝင်နည်းဖို့ပဲရှိတယ်။ အဝယ်သမားကတော့ ဝယ်နေတုန်းပဲ။ အရောင်းအဝယ်သွက်တယ်" ဟု ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးကပြောကြားသည်။

ပခုက္ကူခရိုင်အတွင်း ဧရာဝတီနှင့်ချင်းတွင်းမြစ်ကမ်းဘေးဒေသများမှ ကြက်သွန်စိုက်တောင်သူများမှာ လက်ရှိတွင် နယ်မြေမတည်ငြိမ်မှုကြောင့် တိမ်းရှောင်မှုများပြုလုပ်နေရပြီး လာမည့်အောက်တိုဘာလမှစ၍ မိုးကြက်သွန်များ စိုက်ပျိုးလေ့ ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/237010

## ဩဂုတ်လ ၂၇ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၇-၈-၂၀၂၂) မှ (၂-၉-၂၀၂၂) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် အုန်းသီးခြောက်၊ ဂျင်း(အစို)၊ ငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ ကွမ်းသီး၊ နနွင်းတက်၊ ထန်းလျက် ၊ ဆီးသီးဖတ်၊ ရေနံတွင်းသုံးပစ္စည်းများ (ကျောက်ဖြူဇုန်(Draw Back)) နှင့် မန်ကျည်းစေ့တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂၇၉၀၂၂ ဒသမ ၂၀ ဒေါ်လာတင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာလ၂ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေး စခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း အရေအတွက် ၂၁၀ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း အရေအတွက် ၂၈၇ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းအရေအတွက် တင်ပို့နိုင်မှု လျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ငါးမြစ်ချင်း တင်ပို့နိုင်မှု ငွေပမာဏမှာ ၂၆၂၃၁၆ ဒသမ ၄၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: သဇင်မြေကုန်သွယ်မှုဗဟိုဌာန

## ဗီယက်နမ်နိုင်ငံ၊ Binh Duong ရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းမှုအား ပံ့ပိုးကူညီပေးသွားမည်



https://myantrade.gov.mm

ဗီယက်နမ်နိုင်ငံရှိ ပြည်နယ်လူထုကော်မတီ (People's Committee) နှင့် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန (Ministry of Planning and Investment) တို့မှ Binh Duong ရှိ များစွာသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (Small and Medium-Sized Enterprise) များ၏ ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းမှု (Digital Transformation) အား ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၊ Binh Duong ပြည်နယ်ရှိ များပြားလှသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (Small and Medium-Sized Enterprise) များသည် ၎င်းတို့၏ လုပ်ငန်းလုပ်ဆောင်မှုများအား ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းခြင်း (Digital Transformation) ကို ပြည်နယ်လူထုကော်မတီ (People's Committee) နှင့် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန (Ministry of Planning and Investment) တို့က ကူညီထောက်ပံ့မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံ၊ လူထုကော်မတီ (People's Committee)၊ ဒုတိယဥက္ကဋ္ဌ Nguyen Van Danh ၏ ပြောကြားချက်အရ Binh Duong ပြည်နယ်တွင် စီးပွားရေးလုပ်ငန်း ၅၇,၀၀၀ ကျော်ရှိပြီး ၎င်းတို့အထဲမှ ၉၇ ရာခိုင်နှုန်းမှာ SME လုပ်ငန်းများ ဖြစ်ကြပါသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားခဲ့စဉ် SME လုပ်ငန်းပေါင်း ၉၀ ရာခိုင်နှုန်းကျော်သည် မိရိုးဖလာဈေးကွက် (Traditional Market) သို့ ပြန်လည်ပြောင်းလဲသွားခြင်းနှင့် ထုတ်လုပ်မှုလျော့ကျခြင်းများအဖြစ် ဆိုးဝါးစွာထိခိုက်ခဲ့ရပါသည်။ SME လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းလုပ်ဆောင်မှုများအား ပြောင်းလဲရန် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းသည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများလိုအပ်နေပြီး လုပ်ငန်းလုပ်ဆောင်မှု ပတ်ဝန်းကျင်အသစ်၌ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ကပ်ရောဂါကြောင့် လိုလားချက် (Demand) မြင့်တက်လာသည့်အပြင် လုပ်သားရှားပါးပြတ်လပ်မှု ပြဿနာကိုလည်း ဖန်တီးဖြစ်ပေါ်စေခဲ့ပြီးနောက် SME လုပ်ငန်းများ ရှင်သန်နိုင်ရန်နှင့် အချိန်တိုအတွင်း ထိရောက်စွာ လုပ်ငန်းလုပ်ဆောင်နိုင်ရေး အတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုကို တိုးမြှင့်လာစေရန် လိုအပ်သည်ကို သိမြင်လာစေပါသည်။

ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်း (Digital Transformation) သည် အခြေခံကျ သည့်လုပ်ငန်းလုပ်ဆောင်မှု ပုံစံများအား ပြုပြင်ပြောင်းလဲ၍ အကျိုးကျေးဇူးများစွာကိုရရှိစေပြီး စီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းလုပ်ဆောင်မှု ဧရိယာများအားလုံးသို့ ဒစ်ဂျစ်တယ်နည်းပညာ ပေါင်းစပ်မှုတစ်ခုမျှသာဖြစ်ပါသည်။

ယခုအချိန်သည် SME လုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုများ၌ နည်းပညာအသုံးချရန်နှင့် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်း ရမည့်အချိန်သို့ ရောက်ရှိနေပြီဖြစ်ပြီး အဆိုပါကူးပြောင်းမှု၌ ဖြစ်ပေါ်လာသည့်အခက်အခဲ၊ အတားအဆီးများကို ကျော်လွှား နိုင်ရန်အတွက် သက်ဆိုင်ရာမူဝါဒများအား လျင်မြန်စွာချမှတ်ပေးသွားရန် လိုအပ်သလို ၎င်းတို့၏လုပ်ငန်းလုပ်ဆောင်မှုများ ပြန်လည်စတင်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ အထူးသဖြင့် SME လုပ်ငန်းများ၌ နည်းပညာပြောင်းလဲမှုကို ပြုလုပ်ရမည်ဟု ကျွမ်းကျင်သူများက ပြောကြားထားပါသည်။

ဒီဂျစ်တယ်စနစ်သို့ကူးပြောင်းခြင်း (Digital Transformation) အား လက်ခံယုံကြည်လာရန် ဆွဲဆောင်စည်းရုံးရမည် ဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးအနေဖြင့် SME များအနေဖြင့် ဆန်းသစ်တီထွင်နိုင်ရန်နှင့် ဖြစ်ပေါ်လာနိုင်ချေရှိသည့် ဥပဒေရေးရာ ဆုံးရှုံးနစ်နာမှုများမှ ကြိုတင်ရှောင်ရှားနိုင်ရန်အတွက် ကူညီပံ့ပိုးပေးရန် ဥပဒေမူဘောင် (Legal Framework) တစ်ခုကို ဖန်တီးပေးရမည်ဟု ဗီယက်နမ်နိုင်ငံ၊ လူထုကော်မတီ၏ ဒုတိယဥက္ကဋ္ဌက ပြောကြားထားပါသည်။

SME စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးပြီး ၎င်းတို့အနေဖြင့် နည်းပညာအသစ်များကို အသုံးချရန် အခြေအနေများ ဖန်တီးပေးသော မူဝါဒများနှင့် ဒစ်ဂျစ်တယ်စနစ်သို့ကူးပြောင်းခြင်း (Digital Transformation) ကိုလိုအပ်ကြောင်းနှင့် အထူးသဖြင့် ထုတ်ကုန်အသစ်များကို စမ်းသပ်ထုတ်လုပ်ခြင်းအား ခွင့်ပြုပေးခြင်းနှင့် ဥပဒေရေးရာအခက်အခဲ၊ အတားအဆီး များအား ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည့် နည်းပညာများကို ခွင့်ပြုပေးရမည်ဟု ကျွမ်းကျင်သူများက ပြောကြားထားပါသည်။

Binh Duong ပြည်နယ်အနေဖြင့် နည်းပညာကုမ္ပဏီကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အားပေးမြှင့်တင်ရန် လိုအပ်ပြီး လူမှုအသိုက်အဝန်းအတွင်း ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်း (Digital Transformation) နှင့် ဒစ်ဂျစ်တယ်နည်းပညာ (Digital Technology) များ၏ အကျိုးကျေးဇူးများကို သိရှိရန် အသိပညာပေးလုပ်ငန်းများ မြှင့်တင်လုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် ထို့အပြင် SME စီးပွားရေးလုပ်ငန်းများ၏ ဆုံးရှုံးနိုင်ချေများအား လျှော့ချမှုများကို အကူအညီပေးရန် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်း (Digital Transformation) အတွက် အခြေခံစံနှုန်း (Basis Standard) များကို ချမှတ်ရမည်ဟု ကျွမ်းကျင်သူများက မှတ်ချက်ပြုထားပါသည်။

တီထွင်ဆန်းသစ်နိုင်သည့် ပေါ်ထွန်းစစီးပွားရေးလုပ်ငန်း (Start-up) များကို တွန်းအားပေး အထောက်အပံ့ ဖြစ်စေရန်နှင့် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းခြင်း (Digital Transformation) အတွက် လိုအပ်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန် မူဝါဒများအား ကောင်းမွန်စွာ အသုံးချနိုင်သော နည်းပညာအခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်ပါသည်။

SME များအတွက် ထောက်ပံ့မှုကွင်းဆက် ချိတ်ဆက်မှုများတိုးတက်လာရန်နှင့် SME များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (US Agency for International Development-USAID) သည် စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ Binh Duong ပြည်နယ်တို့နှင့်အတူ USAID Linkages for Small and Medium Enterprises အမည်ရှိ အစီအစဉ်တစ်ခုကို နီးကပ်စွာပါဝင် အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

ကမ္ဘာလုံးဆိုင်ရာ SME တန်ဖိုးမြှင့်ကွင်းဆက်အပါအဝင် နိုင်ငံတကာသို့ ပေါင်းစည်းနိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းအားဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် လုပ်ငန်းစတင် အကောင်အထည် ဖော်ခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များအတွက် ကုန်ကျစရိတ်များလျှော့ချခြင်းကို ဖြစ်ပေါ်စေမည့် အဖွဲ့အစည်းများအား ပြန်လည်မွမ်းမံပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်း

လွယ်ကူစေခြင်းတို့ဖြင့် လုပ်ငန်းလုပ်ဆောင်မှု ပတ်ဝန်းကျင်အသစ်ကို နည်းစနစ်တကျ ပြောင်းလဲပေးသွားရမည်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ ထုတ်ပြန်ချက်များအရ ဗီယက်နမ်နိုင်ငံရှိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) သည် သမိုင်းဝင်အဆင့်များသို့ ရောက်ရှိနေခဲ့ပြီး အကန့်အသတ်ဖြစ်နေသည့် ဗီယက်နမ် SME လုပ်ငန်းများ၏ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုကြောင့် ပြည်တွင်းစီးပွားရေးအတွက် ပိုလျှံစွာရှိနေပြီး ဖြစ်သော အကျိုးကျေးဇူးများကို ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ အစီအစဉ်သည် ဗီယက်နမ် SME လုပ်ငန်းများနှင့် ဗီယက်နမ် နိုင်ငံရှိ ဦးဆောင် ကုမ္ပဏီကြီးများအကြား Supplier-Buyer ဆက်သွယ်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီပေးရန်နှင့် ကုန်ထုတ်လုပ်မှု ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်တွင် ပါဝင်ဖြည့်ဆည်းနိုင်ရေး ဗီယက်နမ် SME လုပ်ငန်းများ၏ စွမ်းဆောင်ရည်များ ချဲ့ထွင်ရန်အတွက် ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း (Business Association) များ၊ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Export Development Center) များနှင့် SME လုပ်ငန်းများ မြှင့်တင်ရေးအေဂျင်စီ (SME Promotion Agency) တို့ကဲ့သို့သော ကြားခံအဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းများကို အားပေးမြှင့်တင်ခြင်းဖြင့် အဆိုပါကွာဟမှုကို ဖြေရှင်းဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

Binh Duong ပြည်နယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၀၃ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆.၈ ဘီလီယံရှိပါသည်။

(ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)

Category: International News

Source:https://myantrade.gov.mm/article/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%E1%80%BA%E1%80%94%E1%80%99%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%

## ကိုဗစ်(၁၉)ရောဂါကြောင့် ဆေးရုံတက်ရသည့်နှုန်းနှင့်သေဆုံးသည့်နှုန်းလျော့နည်းစေသည့် နောက်ဆုံးပေါ်ကုသဆေး(သောက်ဆေး) PACLOVID ကိုမကြာမီဖြန့်ချီမည်



Source: Popular News Journal

မြန်မာနိုင်ငံသားပိုင် Pacific Medical Industries Ltd ဆေးဝါးစက်ရုံမှ PACLOVID (PAXLOVID (Nirmatrelvir 150mg; Ritonavir 100mg)အား ထုတ်လုပ်အောင်မြင်ခဲ့ပြီး ကိုဗစ်(၁၉)ရောဂါကြောင့် ဆေးရုံတက်ရသည့်နှုန်း လျော့နည်းစေသည့် နောက်ဆုံးပေါ်ကုသဆေး(သောက်ဆေး)အား မကြာမီဖြန့်ချီမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်(၁၉)ရောဂါကုသခြင်းအတွက် နောက်ဆုံးပေါ်ကုသဆေး(သောက်ဆေး)အား WHO, US FDA, UK MHRA, Korea FDA, Singapore FDA အပါအဝင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကျန်းမာရေးအဖွဲ့အစည်းများမှ ကုသမှုအပိုင်းတွင် အောင်မြင်မှုအမြင့်ဆုံးသောက်ဆေးအဖြစ် ထောက်ခံထားပြီး FDA Myanmar မှလည်း ထောက်ခံစာအမှတ်(2308ND012)ဖြင့် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ကိုဗစ်ကုသရေးဆရာဝန်များ၊ ဆေးရုံ ဆေးခန်း၊ ဆေးဆိုင်များအပါအဝင် ဈေးကွက်အတွင်းသို့ မကြာမီဖြန့်ချီသွားမည်ဖြစ်၍ Pre-order အနေဖြင့် မှာယူနိုင်ကြောင်းသိရသည်။

အဆိုပါ PACLOVID (Nirmatrelvir 150mg; Ritonavir 100mg)ဆေးသည် ကိုဗစ်(၁၉)ရောဂါကြောင့် ဆေးရုံတက်ရသည့်နှုန်း လျော့နည်းစေကာ ရောဂါဆိုးရွားစွာကူးစက်ခံနေရသူများ စောလျင်စွာကုသပါက သေဆုံးမှုနှုန်း ၉၀ ရာခိုင်နှုန်းအထိ လျော့ချပေးနိုင်ကြောင်းသိရသည်။ ထို့ပြင် delta နှင့် omicron မျိုးစိတ်များအား (ဓာတ်ခွဲစမ်းသပ်ချက်အရ) အောင်မြင်စွာကုသနိုင်ပြီး အသက် ၁၂ နှစ်အထက် ကိုယ်အလေးချိန် ၄၀ ကီလိုဂရမ် အထက်ကလေးများအား ကုသပေးနိုင်ကြောင်းသိရသည်။

ယင်းဆေးသည် Prescription Only Medicine (POM) ဆေးအမျိုးအစားဖြစ်၍ ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်ရမည်ဖြစ်သည်ဟုသိရသည်။ ထို့ကြောင့် PACLOVID ဆေးအား Preorder မှာယူလိုသူများသည် ဆရာဝန်ဆေးညွှန်းစာ

(သို့) ဆေးရုံဆေးခန်းမှ request letter ပေးပို့၍ AA Medical Products Ltd ၏ Viber ဖုန်းနံပါတ်များဖြစ်သည့် ၀၉-၄၄၅၀၂၃၃၄၂ ၊ ၀၉-၄၄၅၀၂၃၃၆၂ ၊ ၀၉-၄၄၅၀၂၃၃၇၂ ၊ ၀၉-၄၄၅၀၂၃၃၃၆ ၊ ၀၉-၄၄၀၅၅၇၄၇၆ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

Source: Popular News Journal

## မြန်မာနိုင်ငံမှ ကုန်တင်ကားများ မဲဆောက်ဘက်သို့ ဝင်ခွင့်ပြုရေးဆွေးနွေး

မြန်မာနိုင်ငံမှ ကုန်တင်ကားများကို မဲဆောက်ဘက်သို့လာရောက်၍ ကုန်ပစ္စည်းတင်ပို့ခြင်းနှင့်တင်ယူခြင်းများပြုလုပ်နိုင်ရန် ဝင်ခွင့်ပြုရေးအတွက် တာ့ခ်ခရိုင်တွင် တာဝန်ရှိသူများနှင့် စက်တင်ဘာ ၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ တာ့ခ်ခရိုင်တွင် ထိုင်း-မြန်မာနယ်စပ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံဘက်မှ ကုန်တင်ကားများကို မဲဆောက်ဘက်သို့လာရောက်၍ ကုန်ပစ္စည်းတင်ပို့ခြင်း၊ တင်ယူခြင်းများပြုလုပ်နိုင်ရန် ဝင်ခွင့်ပြုရေးအတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထို့နောက် VOA ဆိုက်ရောက် ဗီဇာကိုင်ဆောင်ထားသူများနှင့် (E-visa) ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားများကို မဲဆောက်လေဆိပ်နှင့် မြဝတီမဲဆောက်ချစ်ကြည်ရေး အမှတ် (၂) တံတားမှတစ်ဆင့် ဝင်ရောက်ခွင့်ပြုရန် အစည်းအဝေးတွင် တင်ပြတောင်းဆိုခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာဘက်မှ ခြောက်ဘီးကားမှ စတင်ကာ ကုန်တင်ယာဉ်များအား မဲဆောက်မြို့တွင်းသို့ ကုန်ပစ္စည်းတင်ပို့ခြင်း၊ ကုန်ပစ္စည်းတင်ယူခြင်းများ ပြုလုပ်နိုင်ရေးအပါအဝင် တာ့ခ်ခရိုင်ထွက်ကုန်များဖြစ်သည့် ကော်ဖီနှင့်အသီးအရွက်များ မြန်မာနိုင်ငံဘက်သို့ တင်ပို့နိုင်ရေးအတွက် ယခင်က ချမှတ်ပြဋ္ဌာန်းထားသည့်ဥပဒေများအား တာ့ခ်ခရိုင်အုပ်ချုပ်ရေးအာဏာပိုင်များက ပြန်လည်ရုပ်သိမ်းပေးရန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဩဂုတ်လ၏ သွင်းကုန်နှင့်ပို့ကုန်အချက်အလက်အရ နှစ်နိုင်ငံနယ်စပ်မှ နှစ်နိုင်ငံ ဝင်ငွေစုစုပေါင်း ဘတ် ၁၅၃ သန်းရှိပြီး သွင်းကုန်က ဘတ် ၁၄၄ သန်း အသုံးပြုထားပြီး ပို့ကုန်မှာ ဘတ် ၉ ဒသမ၅ သန်း ရရှိခဲ့ကြောင်းသိရသည်။

**Source: http://sdtimedaily.com/**

## Visa/Master Card ဖြင့် ပေးချေဆောင်ရွက်မှုများကို ပိတ်ပင်ထားခြင်းမရှိသလို ကဒ်အသစ်လျှောက်ထားခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိဟုဆို



https://news-eleven.com/article/237025

Visa/Master Card ဖြင့် ပေးချေဆောင်ရွက်မှုများကို ပိတ်ပင်ထားခြင်းမရှိသလို ဘဏ်များအနေဖြင့် ကဒ်အသစ်လျှောက်ထားခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဗဟိုဘဏ်က ပြောကြားထားသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ကျပ် ၂၁၀၀ သတ်မှတ်ပြီးနောက်ပိုင်းတွင် ပြည်တွင်းပုဂ္ဂလိကဘဏ်အချို့တွင် နိုင်ငံခြားငွေထည့်သွင်းအသုံးပြုရသည့် Visa/Master Card မှ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် Card သစ် လျှောက်ထားခြင်းကို ယာယီပိတ်ထားခြင်းများရှိနေသည်ဆိုသော သတင်းများနှင့်ပတ်သက်၍ မီဒီယာများ၏မေးမြန်းမှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အထက်ပါအတိုင်း ထည့်သွင်းဖြေကြားထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံသားများ ပြည်ပသို့သွားရောက်သည့်အခါ Retail ငွေပေးချေမှု အဆင်ပြေစေရန်နှင့် ငွေကြေးသယ်ဆောင်ခြင်း အခက်အခဲလျော့နည်းစေရန် International Card ထုတ်ဝေခွင့်ကို ခွင့်ပြုထားကြောင်း ဗဟိုဘဏ်က ပြောကြားထားသည်။

လက်ရှိတွင် ဘဏ်များအနေဖြင့် Visa/Master Card စသည်များဖြင့် ကဒ်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ၏ လူမှုဘဝတွင် ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ Personal Expense ကိစ္စရပ်များအတွက်

ကဒ်ပေးချေမှုမှတဆင့် အဆင်ပြေစွာပေးချေနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ဗဟိုဘဏ်က ပြောကြားထားသည်။ Visa/Master Card ဖြင့် ပေးချေဆောင်ရွက်မှုများကို ပိတ်ပင်ထားခြင်းမရှိသကဲ့သို့ လက်ရှိ Visa/Master Card များဖြင့် ပေးချေသုံးစွဲနေသူများလည်းရှိကြောင်း ဗဟိုဘဏ်က ပြောကြားထားသည်။

ဘဏ်များအနေဖြင့် ကဒ်အသစ်လျှောက်ထားခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး Master/Visa ကုမ္ပဏီတို့ဖြင့်လည်း အဆင်ပြေချောမွေ့စွာ လုပ်ငန်းပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း ဗဟိုဘဏ်က ပြောကြားထားသည်။

**Source:** https://news-eleven.com/article/237025

## STOCK EXCHANGE (8.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 3,908 | 41,664,000 | 33,109,694 | 347,652 |
| MTSH | 00002 | 3,750 | +50 | +1.35% | 3,550 | 3,800 | 3,550 | 9,409 | 35,481,150 | 38,929,150 | 145,984 |
| MCB | 00003 | 7,900 | -100 | -1.25% | 8,000 | 8,000 | 7,900 | 85 | 679,900 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 16 | 384,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +150 | +5.66% | 2,650 | 2,800 | 2,650 | 3,027 | 8,430,150 | 12,823,224 | 35,905 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 390 | 1,131,000 | 19,977,223 | 57,934 |
| AMATA | 00007 | 5,400 | +100 | +1.89% | 5,200 | 5,400 | 5,200 | 691 | 3,701,000 | 10,497,598 | 56,687 |


### Market summary

As of 8th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 451.63 | +2.23 | +0.50% | 446.04 | 462.86 | 446.04 | 17,526 | 91,471,200 | 7 | 785,659 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 8th Sep. 2022

| MYANPIX | 451.63 ▲ 2.23 |
|---|---|
| Total Volume (shares) | 17,526 |
| Total Value (MMK) | 91 mil |
| Listed Company | 7 |
| Market Cap. (MMK) | 785,659 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 150 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 100 |